
မြှုပ်လဲသွယ်
အချစ်မှန်းမသိတဲ့
လှို့ဝှက်ချက်

# အခန်း(၁)

သော်ကမြိုင်အိမ်ကြီးကို ခင်မ ပြန်လည်ခြေချမိသည့်အချိန်။ အညာမြေ၏ ရာသီဥတုက ပူပြင်းလှသလို သော်ကမြိုင်အတွင်းမှာ အတူတကွ နေထိုင်ကြသော လူတွေရဲ့ အလိုဆန္ဒနှင့် လောဘရမ္မက်ဇောကလည်း တောမီးသဖွယ် လျင်မြန်စွာ ပျံ့နှံ့လျက် နီးရာ လူကိုပင် လောင်ကျွမ်းဝါးမျိုတော့မတတ် အခြေအနေတွေ ဆိုးရွားရှုပ်ထွေးနေပါသည်။

မိခင်ကြီး မကျန်းမာသဖြင့် ခင်မကို တွေ့လိုမြင်လိုပါသည်။ အမြန်လာပါဟုဆိုသဖြင့် မအားလပ်သည့် အလုပ်တာဝန်ဝတ္တရားများအား ပစ်ခွာလျက် မိခင်ကြီးရှိရာသို့ အပြေးရောက်ခဲ့ရသော ခင်မ၏ ဤအညာမြေခရီးက သူမဘဝတစ်ချိုးကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေလိမ့်မည်ဟု ထိုစဉ်က ခင်မကိုယ်တိုင် မသိနိုင်ခဲ့သေးပါ။

အနန္တကျေးဇူးရှင် မိခင်ကြီးရှိရာ နယ်မြေသို့ ခင်မတစ်ယောက်တည်း ရောက်ရှိလာချိန်မှာ သော်ကမြိုင်တွင် အင်မတန်ပြင်းထန်သော လူမှုရေးတိုက်ပွဲကြီးတစ်ခု ဖြစ်၍နေခဲ့ပါပြီ။

"အဘွားကြီးက သူ့သမီးကိုခေါ်တာ ဘာအကြံရှိလဲမှမသိတာ၊ သူ့သမီးကို သူမသေခင် အတွင်းပစ္စည်းတွေ ဘယ်သူမှမသိအောင် ကြိတ်ပေးခဲ့ချင်လို့ ဖြစ်မယ်"

"အံမယ် ... ဒီလိုလုပ်လို့ရမလား၊ တစ်သက်လုံး ဒီကကျွန်ခံလာရတာ သူ့သမီးကိုပေးရင် ကျွန်မရသင့်ရထိုက်တာကိုလည်း ပေးရမှာပေါ့"

"သူ့ပစ္စည်းပဲ သူပေးချင်မှဖြစ်မှာပေ့ါ"

"အိုး ... ကျွန်မကတော့ ရအောင်ယူမှာပဲ"

"ဘယ်လိုယူမှာလဲ"

တိုးတိုးကျိတ်ကျိတ် ခေါင်းချင်းဆိုင်လိုက်ကြသူများ၏ စကားသံကို မကြားရသော်လည်း လောဘဇောဖြင့် ဝင်းလက်နေမည့် မျက်လုံးများကဖြင့် အရောင်ဖိတ်ဖိတ်လက်နေမှာ သေချာပါသည်။ ဒေါ်ငြိမ်းသာနှင့် သမီးကေသီ။ သော်ကမြိုင်အိမ်ကြီးထဲမှာ အတူတကွနေထိုင်သော ခင်မအစ်ကို ကိုတိုး၏မိန်းမနှင့် ယောက္ခမ ဖြစ်သည်။

အဖေတူအမေကွဲ မောင်နှမဖြစ်၍ ကိုတိုးက ခင်မကို ညီမတစ်ယောက်အဖြစ် ဟက်ဟက်ပက်ပက် အသိအမှတ်ပြုခြင်း မရှိခဲ့ပါ။ ခင်မ၏ မေမေ ကိုတိုး၏မိထွေးအပေါ်တွင်က ဆိုဖွယ်ရာမရှိ။ တစ်အိမ်ထဲအတူနေလို့မှ စကားပြောသူမျိုးမဟုတ်ချေ။

ခင်မ ရောက်လာချိန်မှာ ကိုတိုး အိမ်မှာမရှိ။ စီးပွားရေးအလုပ်ကိစ္စနှင့် နယ်စပ်မြို့လေးတစ်မြို့ကို ရောက်နေသည်မှာ ကြာပြီဟု ဆိုပါသည်။

"နေသာရဲ့လား မေမေ၊ မသက်သာရင် ဆေးရုံသွားကြမလားဟင်"

"နေသာပါတယ် သမီးရယ်၊ မေမေ့နားမှာ သမီးရှိနေတာ အားရှိလိုက်တာ၊ သမီးအဖေ ပြန်လာရင်တော့ တစ်ခုခုဆုံးဖြတ်မှ ဖြစ်တော့မယ်၊ မေမေကိုယ်တိုင်လည်း ဒီအိမ်ကြီးမှာ မနေချင်တော့ဘူးကွယ်"

"အဲဒီကိစ္စတွေ နောက်မှ ခေါင်းအေးအေးထားပြီး စဉ်းစားဆုံးဖြတ်ကြတာပေ့ါ မေမေရယ်၊ လောလောဆယ် မေမေကျန်းမာဖို့သာ အရေးကြီးတာပါ၊ မေမေ့နားမှာ ခင်မရှိနေတာပဲ၊ နေကောင်းအောင်နေပါနော်"

နွမ်းဖျော့ညှိုးငယ်သော အသွင်ဖြင့် အိပ်ရာထက်မှာ လဲလျောင်းနေသော

မိခင်ကြီး၏ လက်အစုံကို ညင်သာစွာ နှိပ်နယ်ပေးနေရာမှ အားပေးစကား ဆိုနေမိသူ ခင်မကိုယ်တိုင် မိခင်ကြီးအတွက် စိတ်မကောင်းလှပါ။ ခင်မနှင့် အတူ လိုက်နေပါဆိုတော့လည်း လိုက်မနေနိုင်။ ဤအညာမြေမှာ လွတ်လပ်စွာနေရခြင်းကို မြတ်နိုးနှစ်သက်စွဲလမ်းနေရှာသူအဖြစ် မိခင်ကြီးကို သနားကရုဏာလှိုက်ဖြာနင့်စို့ရသလို တစ်နေ့တခြား ဆိုးရွားလာသည့် အိမ်တွင်းရေး ပြဿနာအရှုပ်အထွေးများကြောင့် ပို၍ စိတ်ရှုပ်စိတ်ညစ်ရသည့် အနေအထားမျိုးဖြစ်ပါသည်။

"ခင်မ ရောက်နေတယ်ဆိုလို့ လာတာလေ"

"ဩော် ... ကြီးကြီးထွန်း လာလေ"

သားအမိနှစ်ယောက်တည်းရှိနေသည့် အခန်းပေါက်ဝမှ ဘွားခနဲပေါ်လာသည့် ကြီးကြီးထွန်းက ဖေဖေ့အစ်မဖြစ်ပြီး သော်ကမြိုင်အိမ်ကြီးတွင် မုဆိုးမတစ်ယောက်အဖြစ် မိဘနှစ်ပါးစလုံးကွယ်လွန်သွား၍ ကျန်ရစ်မြေးကိုတူး၊ သမီးဖြစ်သူ နုနုတို့နှင့် နေထိုင်ပြီး မေမေ့အပေါ်တွင် ဘယ်တုန်းကမှ အကောင်းမြင်သူမဟုတ်ဟု ဆိုရပါမည်။

"ထိုင်ပါ ကြီးကြီးထွန်း"

"ညည်းအမေ အိပ်နေပြီလား"

"မအိပ်ပါဘူး မေထွန်းရယ်၊ နည်းနည်းမောလို့ မှိန်းနေတာပါ"

ခုတင်နားက မှန်တင်ခုံကုလားထိုင်ကို ဆွဲယူလိုက်သည့် အသံကြောင့် မျက်လုံးပွင့်လာပြီး ခင်မမိခင်ဖြစ်သော ဒေါ်တင်တင် ကိုယ်တိုင် ဖြေကြားလိုက်ခြင်းဖြစ်သည်။

"ညည်းက သမီးလိမ္မာလေးရတော့ ကံကောင်းနေတာနဲ့ပေ့ါအေ့၊ ငါတို့မယ်တော့ ညည်းသိတဲ့အတိုင်း သမီးရော မြေးရော ထင်ရာစိုင်းနေကြသူ

တွေချည်းပဲ"

"ကံပေါ့ မမရယ်"

"ညည်းက ကံကိုပဲ အပြစ်ပုံရမှာပေါ့၊ ခင်မ တစ်ယောက်လုံး အနားရောက် နေပြီပဲ"

"ခင်မကြောင့် မဟုတ်ပါဘူး မမရယ်"

မေမေ့အသံက ခပ်ပျော့ပျော့ တိုးတိုးညင်သာ ရှိသလောက် ကြီးကြီးထွန်း အသံက မာထန်စူးရှကာ ရန်လိုဟန်ပေါက်နေမှန်း ခင်မသိပေမယ့် ဘာတစ်ခုမှ ဝင်မပြောပါ။ ကြီးကြီးထွန်းနှင့် မေမေတို့ကိုသာ ငေးနေမိပါသည်။

ကြီးကြီးထွန်းက အခုတစ်ခေါက် ခင်မရောက်လာချိန်ထက်များစွာ အိုမင်းရင့်ရော်သွားခဲ့ပါပြီ။ ဦးခေါင်းရှိ ဆံပင်တွေ အကုန်လုံး ဖွေးဖွေးလှုပ်ကာ တကယ့်အဘွားကြီးဖြစ်နေပေမယ့် စိတ်ကမလျှော့သလို စိတ်ဓာတ်ကျပုံလည်း မရပါ။

"ကျုပ်တို့ကတော့ သားသမီးလည်း အားမကိုးပါဘူး။ တစ်သက်လုံး ကိုယ့်ခြေကိုယ့်လက်နှင့် ရှန်းကန်ရှာဖွေလာခဲ့တာပဲ အခုမှ ပိုမထူးပါဘူး"

အားကိုးလို့မရသော သားသမီးများဖြစ်နေ၍ ဆိုးသည်ကိုက မေမေသိသလို ခင်မလည်း သိထားပြီးသားမို့ ကြီးကြီးစကားကို ထောက်ခံခြင်းမပြုသလို ကန့်ကွက်ခြင်းလည်း မပြုမိပါ။

"သမီး ... ခင်မ သမီးကြီးကြီးအတွက် ဝယ်လာတဲ့ လက်ဆောင်တွေ ပေးလိုက်ဦးလေ"

"ဩော် ... ဟုတ်သားပဲ မေ့နေလိုက်တာ၊ ဒီမှာ ကြီးကြီးထွန်းအတွက် ခင်မ ဝယ်လာတဲ့ လက်ဆောင်ပါ"

"ဘာတွေများပါလိမ့်"

မေမေသတိပေးမှ ကြီးကြီးထွန်းအတွက် ဝယ်လာသည့် လက်ဆောင်ထုပ်ကြီးကို ခင်မကိုယ်တိုင် ကြီးကြီးထွန်းလက်ထဲထည့်ပေးလိုက်တော့ ဝင်းထိန်သွားသည့်မျက်နှာကို မြင်လိုက်ရသည်။

"စုံလို့ပါလား ... ဟိုအောက်ထပ်က မိန်းမတွေကိုရော ပေးပြီးပြီလား"

"မပေးရသေးပါဘူး ကြီးကြီးထွန်း၊ ခဏနေမှ သွားပေးမလားလို့ပါ"

ကြီးကြီးထွန်းက ခင်မဝယ်လာသည့် လက်ဆောင်ထုပ်ကို သူ့အခန်းထဲရောက်အောင်ပင် ယူမသွားဘဲ ခင်မတို့သားအမိရှေ့မှာပင် အထုပ်ကိုမွှေနှောက်ကြည့်ရှုနေလျက်က မေးခြင်းဖြစ်သည်။

"ဦးသောင်းတင်ဖို့ရောပါလား၊ ကိုတိုးတို့ မိသိန်းတို့ မိငြိမ်းတို့ဖို့လည်းပါမှနော်၊ သိတယ်မဟုတ်လား၊ သူတို့စိတ်တွေကိုက ဘာလေးပဲဖြစ်ဖြစ်၊ တန်းတူဖြစ်လိုက်ရမှ ဆိုတာမျိုး၊ သိပ်စိတ်နုတဲ့ ဟာတွေ"

ထိုစိတ်နုသူတွေထဲမှ ကြီးကြီးထွန်းက ထိပ်ဆုံးဟုဆိုလျှင် အဘယ်မျှစိတ်ဆိုးဒေါသဖြစ်လိုက်မည်မသိ။

"တစ်အိမ်လုံးအတွက်ပါပါတယ်၊ အားလုံးအတွက် လက်ဆောင်ပစ္စည်းလည်း အတူတူဝယ်လာတာပါ၊ ခွဲခြားပေးတယ် မဖြစ်အောင် ကြိုတင်စီစဉ်ခဲ့ပြီးသားပါ ကြီးကြီးရဲ့"

"ဒါဖြင့် အခု ငါ့ကိုပေးသလိုမျိုးပဲ ညည်းက သူတို့အားလုံးကို ပေးမှာပေါ့"

လက်ထဲက အထုပ်ကို စိတ်မပါသလိုပစ်ချပြီး ပြောလိုက်သော ကြီးကြီးထွန်းလေသံက ပြောင်းလဲသွားသလို မျက်နှာအိုအိုကလည်း ညိုသွားတာမို့ ကြီးကြီးထွန်းစိတ်ကို နားမလည်စွာ ခင်မ ပြုံးလိုက်သည်။

"တူမလား ကြီးကြီးရဲ့၊ သူတို့နဲ့ ကြီးကြီးက တခြားစီပဲဥစ္စာ၊ ကြီးကြီးဖို့ဝယ်လာတာမျိုး သူတို့ကို ပေးပါ့မလား၊ ကြီးကြီးအတွက် အထူးဝယ်လာတာပါ

နော်"

"အေးလေ … ဒီလိုဆိုလည်း ပြီးရောပေါ့၊ ဒါကြောင့် ခင်မကို ကြီးကြီးက ချစ်တာ၊ အဲဒီလိုသာ မိန့ အလိုက်သိရင် ဒီအသက်အရွယ်အထိ ကြီးကြီးမှာ ရှာဖွေပူပင်စရာ ဘယ်လိုလိမ့်မတုန်း"

"မိန့ … မိန့ တစ်နေ့တစ်နေ့ ပျော်ဖို့ပါးဖို့ပဲသိတယ်၊ အမေ့ရင်ထဲ ဘယ်လို နေမယ်ဆိုတာ သူစဉ်းစားတာ မဟုတ်ဘူး"

"မာမိ … မာမိ"

"ဟော … မိန့ပြန်လာပြီထင်တယ်၊ သွားဦးမှပဲ ခင်မရေ နောက်ရက်ကျမှ ညည်းညီမနဲ့တွေ့ပြီး လိမ်လိမ်မာမာနေဖို့ ပြောဆိုခဲ့ဦး"

"ဟုတ်ကဲ့"

ခင်မပေးသည့် လက်ဆောင်ထုပ်ကို ပျာယီးပျာယာယူပြီး အိမ်ပေါ်ထပ်က ခပ်သုတ်သုတ်ဆင်းသွားသည့် ကြီးကြီးထွန်း နောက်ကျောပြင်ကို လှမ်းကြည့်ရင်း မေမေ့ထံမှ သက်ပြင်းရှိုက်သံကို ကြားလိုက်ရသည်။

"သမီးကြီးကြီးလည်း အသက်ကြီးမှ သနားစရာပါကွယ်"

"ခင်မကတော့ မေမေ့ကို ပိုသနားတယ်၊ မေမေ့နေရာမှာ ခင်မသာဆိုရင် ဒီလိုနေနိုင်မှာမဟုတ်ဘူးသိလား"

"ဝဋ်ကြွေးပေါ့ကွယ် … ဝဋ်ရှိလို့ ပေးဆပ်နေရတာပဲလို့ မှတ်ပါတယ်"

မေမေ့မျက်နှာကို ခင်မ အကြာကြီး ငေးကြည့်နေမိသည်။ ဖေဖေ့လိုလူ တစ်ယောက်နှင့် အကြောင်းပါခဲ့ရသော မေမေ့အဖြစ်က ဝဋ်ကြွေးတစ်ခုဟု ဆိုလျှင် မေမေ့သမီး ဖြစ်ခဲ့ရသော ခင်မတွင်ရော ဘယ်လိုဝဋ်ကြွေးမျိုး ပါရှိနေပါသနည်း။

"သမီးလည်း အနားယူပါဦးလေ၊ မေမေလည်း ခဏတစ်ဖြုတ်မှေးလိုက်ဦး

မယ်"

"အိပ်ပျော်အောင်သာ အိပ်လိုက်ပါ မေမေ၊ ဘာအကြောင်းမှ မတွေးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှာမဟုတ်လား၊ ဘယ်သူ့အကြောင်းမှ မတွေးပါနဲ့နော်"

"အေးပါကွယ် ... အေးပါ၊ သမီးလည်း သွားနားချည်"

"ဟုတ်ကဲ့"

မေမေ့အိပ်ခန်းတံခါးကို ညင်သာစွာ ဆွဲပိတ်ခဲ့ပြီး ခင်မ သူမအခန်းရှိရာသို့ ထွက်လာခဲ့သည်။

"မမခင်မ"

"ကိုတူးလေးပါလား၊ ဟိုမှာ ဘွားဘွားကြီး အိပ်နေတယ် ကိုတူးရဲ့ လာ ... လာ ဒီဘက်ကို"

ချွေးတွေရွှဲနေသည့် ကိုတူးမျက်နှာဝိုင်းဝိုင်းဖောင်းဖောင်းလေးကိုကြည့်ကာ ကိုတူး၏ လက်ကလေးကိုဆွဲကာ သူမအခန်းထဲကို ခေါ်ခဲ့သည်။

"တစ်ကိုယ်လုံးလည်း ချွေးတွေနစ်လို့ ဘယ်ကလာတာလဲ ကိုတူးရဲ့"

"ဘဘစိမ်းတို့အိမ်ကဗျာ့ ... ဦးသောင်းက မမခင်မရောက်နေတယ်ဆိုလို့ မုန့်ဖိုးတောင်းရအောင်လာတာ၊ ကိုတူးကို မုန့်ဖိုးပေးပါ"

"ပေးမှာပေ့ါ ကိုတူးရဲ့ ဘယ်လောက်ယူမှာလဲ ပြောပါဦး"

"မမ ပေးသလောက်ယူမှာပေ့ါဗျာ"

ကိုတူးက ရှစ်နှစ်အရွယ်မျှ ရှိပြီဖြစ်ရာ ကလေးတို့သဘာဝအတိုင်း ဘာကိုမှ နားမလည်ရှာပါ။ အမေနှင့် သူ့အမေတို့ မခေါ်မပြော စကားမပြောကြတာကိုလည်း မသိ။ ကလေးပီပီ ဦးသောင်းက မုန့်ဖိုးသွားတောင်းချည်ဆိုတာနှင့် ခင်မထံ ရောက်လာဟန်တူပါသည်။

ကိုတူးက ကြီးကြီးထွန်း၏ မြေး။ သူ့မှာ အဖေရော အမေပါ မရှိ။ အဘွားနှင့်နေရသူ။ ကိုတူးလက်ထဲကို မုန့်ဖိုးငွေဟု ဆိုကာ တစ်ထောင်တန် သုံးရွက် ထည့်ပေးလိုက်တော့ ကိုတူးက ပျော်သွားသည်။

"ကိုတူး ... သွားတော့မယ်နော် မမခင်မ"

"အေး ... အေး မတည့်တာတွေ ဝယ်မစားနဲ့နော် ကလေး"

"ဟုတ်ကဲ့ပါ"

ကိုတူးက ခင်မပေးလိုက်သော ငွေစက္ကူများဖြင့် ပျော်ရွှင်မြူးကြွစွာ ခုန်ပေါက်ဆင်းသွားတာကို ငေးကြည့်ရင်း ခင်မရင်မောစွာ ပင့်သက်ဖြာလိုက်မိသည်။ ပန်းနာရောဂါသည်လေး ကိုတူးက သနားစရာကောင်းသလို ချစ်စရာလည်းကောင်းလာသည်က ကလေးငယ်လေးပါ။ သို့ပါသော်လည်း ကိုတူးက မည်သူ့မေတ္တာကိုမှ ကောင်းစွာမရ။ ကိုတူးကိုမွေးပြီးမှ မိဘနှစ်ပါး စလုံး ကွယ်လွန်ရသဖြင့် ကိုတူးကို လာခြင်းကောင်းသူတစ်ယောက် မဟုတ်။ မိသားစုကို ဒုက္ခပေးဖို့ သက်သက်ရောက်လာသူအဖြစ် ကြီးကြီး ထွန်းမှလွဲ၍ အားလုံးက စွန့်ပယ်ထားခြင်း ခံရသူလေးဖြစ်သည်။

အခန်းထဲရောက်တာနှင့် ခင်မဝယ်ယူလာသည့် လက်ဆောင်ပစ္စည်းတွေကို စုထုတ်ပေးကာ သော်ကမြိုင်တွင် အတူလာရောက်နေထိုင်ကြသူတွေ အားလုံးကို လိုက်လံဝေငှပေးလိုက်သည်။ ကေသီနှင့်သူ့အမေက ခင်မကို ကြည်သလိုလို မကြည်သလိုလို။

မျက်နှာကလည်း ခပ်တင်းတင်းလုပ်ထားသည့် ကေသီကို ခင်မစိတ်ထဲက သဘောမကျပေမယ့် သည်းခံနေလိုက်ပါသည်။ ကိုယ်က သော်ကမြိုင်မှာ အမြဲနေမည့်သူမဟုတ်။ ဧည့်သည်အဖြစ် ရောက်သူတစ်ယောက်အနေနဲ့ မည်သူကိုမဆို သည်းခံဖို့ ဆုံးဖြတ်ထားပြီးဖြစ်ရာ ကေသီမျက်နှာ ရှုစ်ခေါက်ချိုးဖြစ်နေပုံကို စိတ်မှာထူးပြီး ခံစားမနေမိတော့ပေ။

"ဘယ်နေ့ပြန်မှာလဲ"

"ပြောလို့တော့မရသေးပါဘူး၊ မေမေ့သဘောက ရှိသေးတော့လေ"

"ခင်မ တစ်ခါတည်းခေါ်သွားရမှာ၊ ဒါမှ ခင်မအမေလည်း သက်ဆိုးရှည်မှာ၊ ဒီပုံအတိုင်းဆို လွယ်မယ်မထင်ဘူး၊ ခင်မသိတဲ့အတိုင်းပဲလေ အားလုံးက ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေကြတာ ဘယ်သူမှ သူ့ကို ဂရုစိုက်နိုင်တာမဟုတ်ဘူး"

"ခင်မ အစ်ကိုတွေကဆိုရင် ပိုဆိုးသေးတယ်၊ အိမ်က မိန်းမကိုတောင်တစ်ချက်ပြန်လှည့်ကြည့်တာ မဟုတ်ဘူး၊ သူတို့အလုပ်ပဲ သူတို့စိတ်ဝင်စားတာ၊ ကေသီတို့ပဲ မအားတဲ့ကြားက ခင်မအမေကို ဂရုစိုက်ပြုစုနေရတာလေ"

"တစ်အိမ်ထဲ၊ အတူနေတာဆိုတော့ ကိုယ်မှလုပ်မပေးရင် မဖြစ်တဲ့အခြေအနေတွေကလည်း ရှိနေတော့ လုပ်ပေးရတာပေါ့"

"ခင်မအစ်ကို ကိုတိုးကဆို ကေသီကိုတောင် အပြစ်တင်သေးတာ"

ခင်မအစ်ကိုဆိုတာနှင့် ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။

ကိုတိုးက ခင်မရဲ့အစ်ကိုဆိုတာ မှန်ပေမယ့် ခင်မရဲ့ မေမေနဲ့ကျတော့ ဘာမှသွေးသားတော်စပ်ခြင်းမရှိသော သူစိမ်းဆိုတာကို ခင်မ မမေ့ပါ။

မိထွေးဆိုသည့် အမည်ဆိုးက မေမေ့ဘဝကို ကြောက်စရာကောင်းစွာလွှမ်းခြုံထားခြင်းကို ခင်မလည်း စိတ်ထိခိုက်ရပါသည်။ ထိုထက်ပို၍ ဘာမှမတတ်နိုင်ခြင်းက မေမေပြောသလို ဝဋ်ကြွေးလို့ပဲ ဆိုရမည်လား။

"မသိန်းတို့ ညီအစ်မကို ဝယ်လာတဲ့ လက်ဆောင်တွေ သွားပေးလိုက်ဦးမယ်နော် မကေသီ"

"ကောင်းပြီ"

မကေသီက ခင်မကို မကြည့်။

မသိန်းတို့ဆီကိုရောက်တော့ ခင်မ စိတ်ညစ်နေတာ ပိုညစ်သွားသည်က ဟိုတုန်းကလို သူတို့ညီမနှစ်ယောက် တည့်တော့ဘဲ တကယ့်ရန်သူကြီးတွေလို ရန်စောင်နေကြခြင်းကြောင့် ဖြစ်သည်။

"ဘယ်လိုဖြစ်ကြတာလဲ မသိန်းရယ်၊ အားလုံးပေါင်းမှ ဒီညီမလေးနှစ်ယောက်တည်းရှိတာ ဒီလိုဖြစ်စရာလား"

"အမလေး ... သော်ကမြိုင်မှာ ဘာတွေဘယ်လို ဖြစ်နေတယ်ဆိုတာ ခင်မ မသိသေးလို့ပါနော်၊ အခုမငြိမ်းက အရင်မငြိမ်း မဟုတ်တော့ဘူးခင်မရေ၊ ငွေရရင် ဘာမဆိုလုပ်မယ့် မငြိမ်း ဖြစ်နေပြီသိလား"

"ပိုက်ဆံသာရမယ်ဆိုရင် ညီမချင်းတောင် သတ်မယ့်မိန်းမဖြစ်နေပြီ"

"မဟုတ်တာ မသိန်းရယ်၊ မငြိမ်း ဘယ်လောက်ရိုးသား အေးဆေးတယ်ဆိုတာ ခင်မတို့လည်း သိနေတာပဲ"

"အဲဒါ အရင်တုန်းက မငြိမ်း၊ အခု မငြိမ်းဘယ်လိုဖြစ်နေတယ်ဆိုတာ သူပြန်လာရင် ခင်မ တွေ့ပါလိမ့်မယ်"

ကြားရသည့် သတင်းစကားတွေက မယုံနိုင်စရာ။ မသိန်းက ခင်မလက်ကိုဆွဲပြီး သူ့ရင်ထဲက ခံစားချက်တွေကို အိတ်သွန်ဖာမှောက် တတွတ်တွတ်ပြောဆိုနေချိန်မှာ ခင်မတို့ရှိနေသည့် နောက်ဖေးမီးဖိုချောင်ထဲသို့ လူတစ်ယောက်ဝင်လာသည်။

"မငြိမ်းရော ... မသိန်း"

"ကျုပ်မသိဘူး ... ဦးသောင်းနဲ့ မနက်အစောက ပါသွားတာပဲ မြင်လိုက်တယ်"

"ကျုပ်ကိုတော့ ဘာမှပြောမသွားဘူး"

"အဲဒါတော့ ကျွန်မလည်းမသိ"

မသိန်းလေသံက မာသည်။

မကျေမချမ်း ရေရွတ်သံနှင့်အတူ ခင်မကို စူးစမ်းအကဲခတ်သလို ကြည့်ပြီး နေရာက ချာခနဲ လှည့်ထွက်သွားသူကြောင့် မျက်ခုံးလေး တွန့်သွားသည်။

"သူက ဘယ်သူလဲ မသိန်း၊ ခင်မလည်း တစ်ခါမှ မမြင်ဘူးပါလား"

အရပ်မနိမ့်မမြင့်၊ အသားညိုညို၊ ဗလကောင်းကောင်းနှင့် ကြည့်ပျော်ရှုပျော်ရုပ်ရှိ၍ အသက်သုံးဆယ်ကျော်အရွယ် ထိုလူကို ခင်မ မသိသော်လည်း ထိုလူပုံစံက သော်ကမြိုင်ထဲမှာ ဘယ်သူ့ကိုမှ အရေးမစိုက်သလိုပါပဲလားဟု တွေးလိုက်မိ၏။

"ခင်မ ဘယ်သိပ့်ါမလဲ ဦးသောင်းရဲ့တူဆိုတာလေ၊ သော်ကမြိုင်မှာ လာနေတာပဲ နှစ်နှစ်ပြည့်တော့မယ်၊ ဘဘက သူ့ကို ဦးသောင်းမျက်နှာနဲ့ သနားလို့ ခေါ်ထားတာ၊ ဘဘကလွဲပြီး သူက ဘယ်သူ့မှ လူသိပ်ထင်တာမဟုတ်ဘူး ခင်မရဲ့"

"ဩော်"

"မငြိမ်း အခုလိုဖြစ်နေတာ သူ့ကြောင့်ပေ့ါ"

"ဟုတ်လား"

"ဟုတ်ပ့ါ ... ဟုတ်ပ့ါ ကြည့်နေပါ၊ ဒီလိုလူမျိုးကို ရည်းစားတော်မိသမျှ နောက်မှ ဒူးနဲ့မျက်ရည်သုတ်နေရမယ်ဆိုတာ ခင်မရှေ့မှာပဲ တစ်ခါတည်း မသိန်းပြောလိုက်မယ်"

သော်ကမြိုင်ရဲ့ အခြေအနေက ခင်မထင်ထားသည်ထက်ပို၍ အဆပေါင်းများစွာ ဆိုးရွားရှုပ်ထွေးနေပြီဟု သိလိုက်ရသလို သော်ကမြိုင်အိမ်ကြီးမှာ ခင်မ မမြင်ဖူးသော လူစိမ်းတွေ ရောက်ရှိနေခြင်းကိုလည်း အံ့ဩနေ

မိသည်။

"ဦးသောင်းနဲ့ မငြိမ်းလာရင် ခင်မဝယ်လာတဲ့ လက်ဆောင်ပစ္စည်းတွေကို မသိန်းကပဲ ပေးပေးပါနော်၊ ခင်မလည်း ခရီးနည်းနည်းပန်းလာလို့ ခဏတစ်ဖြုတ် နားချင်လို့ပါ"

"နား ... နား ခင်မအတွက် အအေးလေးတစ်ခွက်ကို မသိန်းလာပို့ပေးမယ် သိလား၊ ခင်မ အေးအေးဆေးဆေးဖြစ်မှ မသိန်းလည်း ခင်မကို ပြောစရာရှိတာ ပြောပြရဦးမယ်"

ခင်မက မသိန်းစကားကို မည်သို့မှ မတုံ့ပြန်တော့ပါ။ တစ်ခဏလေးထိုင်လိုက်သည့် အချိန်ကလေးအတွင်းမှာပင် သော်ကမြိုင်၏ အရှုပ်အထွေးများကို မသိန်းပြောပြ၍ သိသင့်သလောက် သိခဲ့ရပြီးပါပြီ။

"ကျွီး"

အပေါ်ထပ်လှေကားပေါ်သို့ လှမ်းတက်စ ခင်မခြေလှမ်းအစုံ တုံ့ရပ်သွားပြီး အိမ်ရှေ့တည့်တည့် ဆင်ဝင်အောက်မှာ ရပ်လာသည့် ပါဂျဲရိုကား ငွေရောင်ကြီးကို လှမ်းကြည့်လိုက်မိသည်။

ကားတံခါးပွင့်လာပြီး ကားပေါ်မှဆင်းလာသူက ခင်မနှင့် အဖေတူအမေကွဲ အစ်ကိုတစ်ယောက်ဖြစ်သော ကိုမိုးဖြစ်နေသည်။

"ခင်မပါလား ... ဘယ်တုန်းကရောက်လဲ"

"ဒီနေ့ပဲ ရောက်တာပါ ကိုမိုး"

အိမ်ထဲကို ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်ဝင်လာရင်း ခင်မကို မေးလိုက်ခြင်းဖြစ်သည်။ ခင်မမှာ အစ်ကိုနှစ်ယောက်ရှိသော်လည်း ကိုမိုးမှတစ်ပါး ကျန်အစ်ကို ကိုတိုးက ဘာသိဘာသာ သဘောထား တင်းမာအေးစက်သူဖြစ်သည်။ ဘယ်တုန်းကမှ ခင်မကို အရောတဝင် စကားပြောဆိုခြင်း

မပြုရ။ သူ့ဘာသာနေသူ။

ကိုမိုးကတော့ ခင်မအပေါ်မှာ ချစ်သည်လည်းမဟုတ် မုန်းသည်လည်း မဟုတ်။ တွေ့သည့်ကြုံရသည့်အခိုက်မှာ အခုလို မေးထူးခေါ်ပြော အရေးတယူ စကားဆိုလေသူဖြစ်သည်။

"ဘယ်နှယ့်လဲ ... အလုပ်ကရော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ်"

"ဖေဖေနဲ့ရော တွေ့ပြီးပြီလား"

"မတွေ့ရသေးပါဘူး ကိုမိုး၊ ညနေမှပဲ ခင်မ သွားတွေ့မလားလို့ပါ"

"အားရင်လိုက်ပို့မယ်လေ ... သွားချင်တဲ့အချိန် ကြိုပြောဟုတ်လား"

"ဟုတ်ကဲ့"

"တီ ... တီ"

"ဟော ... ဟိုလူတွေလာကြပြီ၊ အချိန်တိကျသားပဲ မကေသီ အသင့်ဖြစ်ပြီလား"

ကိုမိုးက ခင်မနှင့် စကားပြောနေရာမှ အိမ်ထဲသို့ မောင်းဝင်လာနေပြီဖြစ်သော ကားကိုကြည့်ကာ မကေသီထံ လှမ်းအော်လိုက်ခြင်းဖြစ်သည်။

"အားလုံးရယ်ဒီပဲ ကိုမိုးရေ၊ နင့်မိန်းမဆီကို အခုပဲ ဖုန်းဆက်လိုက်တယ်၊ သူလည်း လာလိမ့်မယ်"

မကေသီအသံက ချိုလွင်နေသလို ဝတ်စားပြင်ဆင်ထားပုံကလည်း အသည်းနွေးစရာမို့ မိန်းမသားချင်း ဆက်မကြည့်ဝံ့သဖြင့် ခင်မကပဲ အရင် အကြည့်လွှဲလိုက်ရသည်။

"ခင်မ မေမေ့ဆီသွားလိုက်ပါဦးမယ် အစ်ကို"

"အေး ... အေး"

အစ်ကိုဖြစ်သူကို နှုတ်ဆက်ပြီး ခင်မ အပေါ်ထပ်လှေကားအတိုင်း အပြေး တက်လာခဲ့သည်။ မတက်လို့လည်းမဖြစ်။ ကိုမိုးမိတ်ဆွေ ကားရပ်သွား သည်နှင့် ကားပေါ်က ဆင်းလာသည့်လူတွေအားလုံး ယောကျ်ားတွေချည်း လေးငါးယောက်မို့ သူတို့ဘာလုပ်မှာကို ခင်မ သဘောပေါက်လိုက်သည်။

ဝိုင်းကောင်းကောင်းတစ်ခု ခင်မတို့အိမ်မှာ ရှိနေပြီ။ ကိုမိုးက လောင်းကစားဝါသနာပါသလို ကိုတိုးကလည်း ဝါသနာပါသူ။ ညီအစ်ကိုနှစ် ယောက် အတွဲညီကြသလို မကြာခဏလည်း ရန်ဖြစ်ကြ၊ စကားများကြသူ တွေ ဖြစ်သည်။

"သမီး"

"ဩော် ... မေမေ အိပ်ရာကနိုးပြီလား"

"အင်း ... အောက်မှာ ဧည့်သည်တွေရောက်နေလား"

"ကိုမိုးနဲ့ သူ့သူငယ်ချင်းတွေ ရောက်နေတယ်မေမေ၊ ဘာဖြစ်လို့လဲဟင်"

မိခင်ကြီးက ဘာမှမပြော။

တိုးတိတ်စွာ သက်ပြင်းချလိုက်ပေမယ့် ခင်မ ကြားဖြစ်အောင် ကြားလိုက် ပါသေးသည်။

"ဘာမှမဟုတ်ပါဘူးကွယ် ... ဒီညနေ သမီးဖေဖေကို သွားကြိုမယ်မဟုတ် လား"

"ဟုတ်ကဲ့ မေမေ"

"အေး ... အေး အသင့်ပြင်ထား၊ မောင်သောင်း ကားလာရင် သမီးကို လိုက်ပို့လိမ့်မယ်"

"မေမေကရော"

"အင်း .. .မေမေလည်း လိုက်မှာပေါ့ကွယ်"

"မေမေရယ်"

***

အခန်း(၂)

အေးချမ်းဆိတ်ငြိမ်သော ဘုန်းကြီးကျောင်းဝင်းအတွင်း ခြေချမိသည်နှင့် ခင်မရင်ထဲ ပူလောင်ခဲ့ရသမျှ ငြိမ်းအေးသွားသည်။ တရားရှင်များ၏ နေထိုင်သီတင်းသုံးရာ နေရာက ဒေါသ၊ လောဘ၊ မောဟတွေနှင့် အမြဲတစေ ပူလောင်နေသော သာမန်လူပုဂ္ဂိုလ်တွေ နေထိုင်ရာဌာနနဲ့ တခြားစီပါလားဟု သံဝေဂရစွာ နှလုံးသွင်းလိုက်မိသည်။

ကျောင်းပေါ်လှမ်းတက်လိုက်သည်နှင့် ရွှေမျက်မှန်တဝင်းဝင်းနှင့် ကျောင်းထိုင်ဆရာတော်ကို ကြည်လင်ဝင်းနှစ်စွာ ရွှေရောင်အဆင်းဖြင့် ကြည်ညိုစွာ ဖူးတွေ့လိုက်ရ၏။

"ရောက်လာကြပြီလား"

"တင်ပ့ါဘုရား"

ဆရာတော်ကို သားအမိနှစ်ယောက် အတူဝတ်ဖြည့်လိုက်ပြီးနောက် အေးချမ်းဆိတ်ငြိမ်သော ကျောင်းကြီးကို နှစ်ခြိုက်သဘောကျစွာ တစ်ချက်မျှ အကဲခတ်ကြည့်လိုက်မိသည်။

"တပည့်တော်မ သမီးလေးပါဘုရား၊ ခင်မလို့ခေါ်ပါတယ်"

"ဟုတ်ကလား ... ဘာအလုပ်များလုပ်တုန်း"

"တက္ကသိုလ်က ဆရာမပါဘုရား"

"ကောင်းတာပေ့ါ ... ဆရာမဆိုတာ မွန်မြတ်တဲ့အလုပ်ပဲ၊ ဟော ... ဟိုမှာ ဒကာကြီးလာပါပြီဗျာ"

ဖေဖေ။

တည်ငြိမ်အေးချမ်းသော အသွင်ဖြင့် ဖခင်ကြီးကို မြင်တွေ့လိုက်ရသဖြင့် ခင်မရင်ထဲမှာ လှိုက်ခနဲ ဆို့နင့်ဝမ်းနည်းသွားမိသည့်အဖြစ်ကို မည်သူမှ မသိလိုက်ပါ။ ဖေဖေက ဆရာတော်ကို ဝတ်ချပြီးနောက် ဆရာတော်ကို မိသားစုနှင့်အတူ လှူဖွယ်ပစ္စည်း ဝတ္ထုများကို ကပ်လှူပါသည်။ ဆရာတော်နှင့် ဖေဖေတို့ နာရီဝက်ခန့်ကြာအောင် စကားပြောဆိုနေကြပြီးမှ မိသားစုအားလုံး နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

"နေကောင်းတယ်နော် ဖေဖေ"

"ကောင်းပါတယ် သမီးရယ်၊ သမီးမေမေသာ တစ်နေ့ရွှေ တစ်နေ့ငွေဖြစ်နေတာပါ၊ အလုပ်ကိစ္စတွေ တန်းလန်းနဲ့ဆိုတော့ သမီးလည်း ဒီမှာ ကြာကြာမနေနိုင်လောက်ဘူးထင်တယ်"

"လကုန်တဲ့အထိတော့ နေလို့ရပါသေးတယ် ဖေဖေ"

"အေးလေ ... သမီးရောက်လာတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေပြီ၊ သမီးအလုပ်ရော အဆင်ပြေရဲ့လား"

"ပြေပါတယ် ဖေဖေ"

"သမီး ဒီကိုလာတော့ အိမ်ကိုရော ဘယ်လိုထားခဲ့လဲ"

"မသူဇာတို့ သားအမိ ခဏလာနေပေးကြပါတယ် ဖေဖေ"

"သူတို့ကတော့ အိမ်လုံပါတယ်လေ"

"ဟုတ်ကဲ့"

ခင်မနှင့် ဖေဖေ့ကြားမှာ ပြောစရာစကားတွေ ရှားပါးစွာ ပျောက်ဆုံးသွားသည်။ ကားက ညီညာပြန့်ပြူးသော လမ်းအတိုင်း တရိပ်ရိပ်ပြေးနေ၏။ မေမေက ဖေဖေ့ကို ဘာစကားမှမဆို။ တိတ်ဆိတ်စွာ ကားရှေ့တည့်တည့်မှ

မြင်တွေ့နေရသော မြင်ကွင်းကို အာရုံစူးစိုက်ကြည့်ငေးရင်း လိုက်ပါလာသော်လည်း မေမေ့စိတ်ကူးနှင့် အတွေးတွင် ဘာတွေဘယ်လိုရှိနေမည်ဆိုသည်ကိုက ခင်မလည်း မသိချေ။

ဆယ်ရက်တရားစခန်းမှ ထွက်လာသော ဖေဖေ့အသွင်က အထူးပင်တည်ငြိမ်အေးချမ်းသော အသွင်ကိုဆောင်လျက်ရှိသည်။

"တူ ... တူ"

"ဟယ်လို"

လမ်းခရီးတစ်ဝက်မှာ ဖေဖေ့ဖုန်းက အသံမြည်လာခြင်းဖြစ်သည်။ ကျန်းမာရေးကြောင့် အလုပ်မှပင်စင်ယူပြီး ဖြစ်သော်လည်း ဖေဖေက သူကျွမ်းကျင်ပိုင်နိုင်သည့် လုပ်ငန်းမှာ အကြံပေးစီမံခန့်ခွဲသော အလုပ်ကိုဆက်လက်လုပ်ကိုင်နေဆဲဖြစ်ရာ ဖေဖေ့ထံ ဟိုမှဒီမှ မကြာခဏ ဖုန်းလာခြင်းမှာ ခင်မအတွက် ဘာမှမထူးဆန်းသော်လည်း ဖေဖေထံမှ ဖုန်းထူးသံနှင့်အတူ တိတ်ဆိတ်ငြိမ်သက်စွာပါလာသောမေမေက လှုပ်လှုပ်ရှားရှားအမူအရာဖြင့် တွေ့လိုက်ရခြင်းကို ခင်မမှာ ရုတ်တရက် နားမလည်နိုင်ပေ။

ဖေဖေက ဦးစိုးလှိုင်ဆိုသည့်လူနှင့် စီးပွားရေးအလုပ်ကိစ္စများ ပြောဆိုတိုင်ပင်ဆွေးနွေးလာစဉ်တစ်လျှောက် မေမေ စိတ်ဝင်စားသည့်လူမှာ ဖေဖေတစ်ယောက်တည်းသာ ဖြစ်သည်။ ခင်မမှာ ထူးခြားသည့် မေမေ့အမူအရာကို အံ့ဩနေမိသည်။

ဖေဖေ ဖုန်းချလိုက်မှ မေမေကလည်း သက်ပြင်းရှိုက်ကာ တစ်ဖက်သို့ မျက်နှာလွှဲသွားတာကို မြင်လိုက်ရသည်။

"သမီးပြန်ရင် သမီးမေမေကို ခေါ်သွားမလား"

"ကျွန်မ မလိုက်ဘူး"

ဖေဖေ့စကားအဆုံးမှာ ချက်ချင်းလို တုံ့ပြန်လိုက်သည့် မေမေ့လေသံက တင်းမာသယောင်ရှိသလို မျက်နှာအမူအရာကလည်း တစ်မျိုးဖြစ်သွားသည်။

"မင်းပဲ သမီးကိုလွမ်းတယ်ဆို"

"ရှင်ရော မလွမ်းဘူးလား"

"လွမ်းသားပဲ"

"ဒါဖြင့် ရှင်ပါ ကျွန်မနဲ့အတူလိုက်ခဲ့"

"ဖြစ်မလားကွ ... ဒီမှာက အလုပ်တွေနဲ့"

"ရှင်မလိုက်ရင် ကျွန်မလည်း မသွားဘူး"

"ဒီလိုဆိုလည်း မင်းသဘောပဲ"

မေမေနှင့် ဖေဖေ တစ်ယောက်ကိုတစ်ယောက် စကားရည်အနိုင်လုပြောနေကြသော ကလေးငယ်နှစ်ဦးပမာ ပြောဆိုနေပုံကို နားထောင်ရင်း ခင်မသည် ဘယ်သူ့ဘက်မှဝင်မပါဘဲ တိတ်ဆိတ်စွာ ပြုံးနေလိုက်ပါသည်။

ဤသို့ဆိုလျှင် ဖေဖေ့အပေါ်တွင် ထားရှိသော မေမေ့အချစ်ကို ခင်မ ရိပ်မိပေပြီ။ ဖေဖေ့လို သားနှစ်ယောက်နှင့် ကလေးအဖေ မုဆိုးဖိုကို လက်ထပ်ရန် ရဲဝံ့စွာ ဆုံးဖြတ်ခဲ့သော မေမေ့ရင်ထဲ ချစ်မေတ္တာက အဘယ်မျှလေးနက်ကြီးမားသည်ကို အခု အသက်အရွယ်အရောက်မှာ ခင်မကိုယ်တိုင် စာနာနားလည်နိုင်လာခြင်းဖြစ်သည်။

သီပေါသူ မေမေ၏ ရွယ်နုငယ်စဉ်က ပါးအို့လေးတွေ တွတ်တွတ်ရဲကာ ချစ်စဖွယ်ကောင်းအောင် ချောမောလှပသူဖြစ်သဖြင့် မေမေ့မေတ္တာကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားမှာ ကလေးအဖေမုဆိုးဖိုပါ ဖေဖေ့ထံမှသာ မေမေ၏မေတ္တာအချစ်ပန်းက ထူးဆန်းစွာ ပွင့်လန်းခဲ့ရှာသူ

ဖြစ်သည်။

ချစ်မေတ္တာ၏ ထူးခြားဆန်းကြယ်ပုံကို ဟိုတုန်းက ခင်မလည်း မသိ။ အချစ်အကြောင်း ပြောဆိုနေကြသူတွေကြားမှာ အချစ်ဆိုသည့်စကားကို ကြိမ်ဖန်များစွာ ကြားဖူးသော်လည်း ထူးဆန်းသည်ဟု မထင်ခဲ့ပါ။

ထိုအချစ်ဆိုသည့်အရာကြီး ခင်မ နှလုံးသားထဲကို ဖြုန်းစားကြီး ဝင်ရောက်လာမှ အံ့ဩထိတ်လန့်ခြင်းတွေနဲ့ တုန်လှုပ်ချောက်ချားခဲ့ရသူဖြစ်ပါသည်။ ဤသည်မှာလည်း ခင်မနှလုံးသားထဲက တမ်းတမ်းတတ လှိုက်လှဲနက်ရှိုင်းသော အချစ်တွေနဲ့ မြတ်နိုးစွဲလမ်းခဲ့ရသော ချစ်သောဆရာကြောင့်ပါဟုဆိုလျှင်လည်း မမှားချေ။

ခင်မသာ အမေတူသမီးဆိုလျှင် ဆရာ့အပေါ်မှာ မြတ်နိုးစွဲလမ်းသည့် စိတ်ကို နောင်ဘဝအထိအောင်များ အပါယူငင်သွားမည်လားမသိ။ ဆရာကဖြင့် ခင်မဆိုသည့် မိန်းမသားတစ်ယောက်၏ အချစ်နှင့် ရင်ထဲက ခံစားချက်ကို ဘာတစ်ခုမှ စာနာ နားလည်မပေးနိုင်ခဲ့သူ ဖြစ်သည်။

"ခင်မ ... သမီး"

"ရှင် ... ဖေဖေ"

"သမီးရောက်တုန်း ဖေဖေတို့မိသားစုလေး ပျော်ပျော်နေကြတာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့"

ဖေဖေ့စကားမှာ လျော်ကန်သင့်မြတ်လှပါသဖြင့် ခင်မ ခေါင်းလေးညိတ်ပြလိုက်သည်။ ဦးသောင်းမောင်းလာသည့် သော်ကမြိုင်ခြံကြီးအတွင်းသို့ ညင်သာစွာ ချိုးကွေ့အဝင်မှာ ကိုတိုး၏ကား ရောက်နေတာကို မြင်လိုက်ရသည်။

"ကိုတိုးတောင် ပြန်ရောက်နေပြီပဲ၊ သမီးနဲ့ တွေ့ပြီးပြီလား"

"မတွေ့ရသေးပါဘူး ဖေဖေ"

ခင်မတို့စီးလာသည့် ကားလေး ကိုတိုး၏ ကားနောက်နားမှာ ကပ်ရပ်လိုက်သည်။ ခင်မတို့သားအဖ ကားပေါ်က မဆင်းခင်မှာပင် တိုက်ထဲမှာ ကျယ်လောင်စွာ အော်ဟစ်ရန်ဖြစ်နေသော အသံများက တိုက်အပြင်သို့ လျှံထွက်လျက်ရှိရာ ခင်မမှာ မိခင်နှင့် ဖခင်ကြီးတို့၏ မျက်နှာကို တစ်လှည့်စီကြည့်ကာ စိတ်ထဲမှာ အားတုံ့အားနာ ဖြစ်သွားမိသည်။

တရားစခန်းက ထွက်လာသော ဖေဖေ့ကို ခင်မစိတ်ထဲက ဘာအတွက်မှ အနှောင့်အယှက်မဖြစ်စေလိုပါသော်လည်း မကေသီနှင့် အစ်ကိုဖြစ်သူ ကိုတိုးတို့က ခင်မတို့ကား ပြန်ရောက်သံကို ကြားပုံမပေါ်။ တစ်ယောက်ကိုတစ်ယောက် ဒေါသပြင်းစွာ နာကျင်ရက်စက်သော စကားလုံးများဖြင့် ပြင်းထန်စွာ ပစ်ပေါက်လျက် ရှိနေကြပါသည်။

ဒရိုင်ဘာဦးသောင်းက ဖေဖေ့ကို သူကိုယ်တိုင် ကားတံခါးဖွင့်ပေးခြင်း အလုပ်ကို ရိုသေလေးစားစွာ လုပ်ပေးပြီးမှ အားလုံးထက်အရင် တိုက်ဘက်သို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်ရောက်သွားသည်။

"ကိုတိုး ... ဆရာပြန်ရောက်လာပါပြီ"

ဦးသောင်း စကားအဆုံးမှာ ဆူညံနေသော အိမ်ကြီးထဲမှ အသံများ လုံးဝငြိမ်သက်သွားသော ဦးသောင်းနောက်မှ ဘွားခနဲပေါ်လာသော ဖေဖေ့ကို မြင်တွေ့သွားကာ မျက်စိမျက်နှာပျက်သွားကြသည်။

"ဖေဖေ ပြန်လာပြီလား"

"အေး"

"မင်းတို့က ပတ်ဝန်းကျင်ကိုတောင် မရှက်နိုင်မကြောက်နိုင် အော်ဟစ်

ရန်ဖြစ်နေကြရအောင် ဘယ်လိုပြဿနာတွေ ဖြစ်နေလို့လား"

လင်မယားနှစ်ယောက်စလုံး ဖေဖေ့စကားကို ဘယ်သူမှ ပြန်မဖြေနိုင်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက် မကျေမချမ်းဟန်ဖြင့် ကြည့်လိုက်ကြ၏။ ဖေဖေက မည်သူ့ကိုမှမကြည့်။ ဧည့်ခန်းရှိ ခုံတစ်လုံးပေါ် အသာထိုင်ချရင်း တစ်အိမ်လုံးကို တစ်ချက်မျှ မျက်စိဝေ့ဝဲကြည့်လိုက်သည်။

"ဘာရယ်မဟုတ်ဘူး ... ဖေဖေ၊ အပြင်က စီးပွားရှာပြီး ပြန်လာတဲ့ ယောကျ်ားကို အလိုက်တသိ ဆီးမကြိုဘဲ ဒေါသဖြစ်အောင် ရန်လာလုပ်နေလို့ ပြောဆိုဆုံးမနေတာပါ"

ကိုတိုးလေးသံက ခပ်ပျော့ပျော့ဖြစ်သော်လည်း ဒေါသထန်နေသည့် မျက်နှာပေါ်က တင်းမာမှုက လျော့ပါးသွားခြင်းမရှိသလို မကေသီထံမှ နဂါးမတစ်ကောင်နှယ် ပြင်းထန်ဝင်းလက်သော မျက်စောင်းကလည်း တော်ရုံလူ ပြာကျသွားနိုင်လောက်ပါပေသည်။

"အေး ... ကိုယ့်မိန်းမကိုယ် ပြောဆိုဆုံးမတာလည်း လူသိနတ်ကြားဖြစ်ဖို့ မလိုဘူး၊ နှစ်ကိုယ်ထဲ တိုးတိုးတိတ်တိတ် ကျိတ်ဆုံးမလည်းရတယ်။ နောက်တစ်ခါ ဒီလိုအဖြစ်မျိုး မမြင်ချင်၊ မကြားချင်ဘူး၊ ဒါ နောက်ဆုံးဖြစ်ပါစေ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကေသီလည်း ကြားတယ်နော်"

"ဟုတ်ကဲ့ ... နောက်မဖြစ်စေရပါဘူး ဖေဖေ"

"ကောင်းပြီ ... ကိုယ့်ကတိကိုယ်တည်ပါစေ၊ သမီး ခင်မေဖေဖေ့အတွက် သံပရာရည်အေးအေးလေး လုပ်ခဲ့ပါ"

"ဟုတ်ကဲ့ပါဖေဖေ"

ဖေဖေ့အမိန့်ကြောင့် နေရာမှ ခင်မ ထွက်လာခဲ့လိုက်ပါသည်။ ကိုတိုးက

ဖေဖေနှင့် မလှမ်းမကမ်း ခုံတွင် ဝင်ထိုင်ကျန်ရစ်ခဲ့ပြီး မေမေနှင့် မကေသီက ကိုယ့်အခန်းကိုယ် ထွက်သွားကြပြီမို့ ဧည့်ခန်းထဲမှာ ဖေဖေတို့သားအဖနှစ်ယောက်တည်း ကျန်ရစ်သည်။

"ကောင်းတယ် ... သိပ်ရန်စွာချင်တဲ့မိန်းမ အခုမှပဲ နားအေးသွားတော့တယ်"

"မသိန်းကလည်းဟယ်"

ဖေဖေနှင့် အစ်ကိုဖြစ်သူ ကိုတိုးအတွက် ခင်မကိုယ်တိုင် သံပရာရည်ဖျော်ရင်း ဟန့်တားသလိုလေး ဆိုလိုက်မိတော့ မသိန်းက ခင်မ မကျေနပ်သလိုလှမ်းကြည့်သည်။

"ခင်မ ဘာသိလို့လဲ၊ မကေသီက ကိုကိုတိုးကိုဆို သိပ်နိုင်စားချင်တာ သိလား၊ အခုတောင် ဘဘကိုကြောက်လို့ ငြိမ်သွားတာ၊ နို့မို့ရင်လား တစ်ရပ်ကွက်လုံး ကြားအောင်တောင် အော်ဟစ်ရန်တွေ့နေမလား မသိဘူး"

"မိန်းမတဲ့ ... ဘာအလုပ်မှမလုပ်ဘဲ အိမ်မှာ အခန့်သားနေပြီး ယောကျ်ားလုပ်စာ ထိုင်ဖြုန်းနေတာ ဘာအထင်ကြီးစရာမှာကို မရှိဘူး၊ ကိုကိုတိုးမို့သာပေါ့၊ မသိန်းသာ ဒီလို မိန်းမမျိုး ယူမိရင် တွေ့လိုက်တာ ကြာလှပြီ"

"မိန်းမသားချင်း ... မစာမနာ မပြောကောင်းပါဘူး မသိန်းရယ်"

ဒေါသဖြစ်နေသော မသိန်းကို ပြေရာပြေကြောင်းပြောတာ ဒေါသကိုလျှော့ချဖို့ ခင်မ ကြိုးစားလိုက်သည်။

"အမလေး ... ခင်မရယ် ဒီလိုမိန်းမမျိုး သွားသနားမိလို့ကတော့ ကျားမြီးသွားဆွဲလိုက်တာကမှ သက်သာဦးမယ် သိရဲ့လား"

"သိပ်လည်တဲ့မိန်းမ ... ဟိုတစ်နေ့ကတင် သူ့အမေနဲ့ ခင်မအကြောင်း မကောင်းပြောပြီး ကိုကိုမိုးကို အပုပ်ချနေသေးတယ်၊ သူသာ ယောကျ်ားကို

သွားလိုခိုင်းစားနေတာ လူတိုင်းအသိ"

"တော်ပါတော့ မသိန်းရယ်၊ တစ်အိမ်ထဲနေကြတဲ့ လူချင်းပဲ သင့်သင့်မြတ်မြတ်နေကြရင် ပိုမကောင်းဘူးလား"

"ဒီလိုမိန်းမမျိုးနဲ့ နေလို့ကတော့ ဒီဘဝမပြောနဲ့ ဟိုဘက်ဘဝတောင် သင့်သင့်မြတ်မြတ်နေလို့ ရမှာမဟုတ်ဘူး၊ တစ်လောကလုံး သူပဲကောင်းတယ်၊ တခြားသူတွေအားလုံး သူ့ပါးစပ်ထဲရောက်ရင် ဘယ်သူမှ မကောင်းတော့ဘူး ခင်မရဲ့"

"သူ့စိတ်က သူ့ကိုအကျိုးပေးပါလိမ့်မယ်၊ ကိုယ့်စိတ်ကိုသာ ကောင်းအောင်ထားပါ မသိန်းရယ်"

"ခင်မလို မသိန်းတို့က တရားရှင်မဟုတ်တော့ အဲဒီလို စိတ်မျိုးမထားနိုင်သေးဘူး ခင်မရေ၊ သူက ကိုယ့်အပေါ်ကောင်းရင် ကိုယ်ကလည်း သူ့အပေါ်ပြန်ကောင်းလိုက်တာပဲ၊ သူမကောင်းမှတော့ ကိုယ်ကလည်း လိုက်ကောင်းပြ မနေနိုင်ပါဘူး"

"တော်ပြီ ... တော်ပြီ ... ဟိုမှာ ဖေဖေတို့ စောင့်နေတာ ခင်မသွားတော့မယ်"

အအေးလင်ပန်းကိုဆွဲပြီး မသိန်းနားက ခင်မ အပြေးလေးထွက်လာခဲ့သည်။ မသိန်းနှင့် မကေသီကြားမှာလည်း ပြဿနာတွေနဲ့ပါလား။ တစ်ယောက်ကိုတစ်ယောက် အမြင်မကြည်တော့ ရန်စောင်သလို ဖြစ်နေကြပုံကလည်း စိတ်မချမ်းမြေ့စရာ။

"အအေးရပါပြီ ဖေဖေ"

"အေး"

အအေးဖန်ခွက်လေးကို ဖေဖေလက်ထဲ တရိုတသေထည့်ပေးရင်း ကိုတိုး

လက်ထဲကိုပါ လှမ်းထည့်ပေးလိုက်တော့ ကိုတိုးက ချိုသည်ခါးသည် ဘာမှ မပြောဘဲ အသာလှမ်းယူပါသည်။

"ခင်မ အပေါ်ထပ်ကို သွားလိုက်ပါဦးမယ်"

"မနက်ဖြန် ပြင်ဦးလွင်သွားမယ်"

"ရှင်"

ရုတ်တရက် အစ်ကိုဖြစ်သူထံမှ ကြားလိုက်ရသည့် စကားကြောင့် ခင်မအံ့သြစွာ အစ်ကိုတိုးမျက်နှာကို လှမ်းကြည့်လိုက်တော့ ကိုတိုးမျက်နှာက ခပ်တည်တည်။

"လိုက်ချင်ရင် အသင့်ပြင်ထား ဆယ်နာရီသွားမယ်"

"သမီးလိုက်သွားပါ၊ ကေသီလည်း ပါနေတာပဲ"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖခင်ကြီးကပါ အစ်ကိုဖြစ်သူနှင့်အတူ လိုက်သွားဖို့ တိုက်တွန်းနေသည်ကိုတော့ ခင်မမှာ ငြင်းပယ်စရာ ဘာတစ်ခုမှ မရှိတော့။ ဖေဖေအလိုကျ ခေါင်းညိတ်သဘောတူလိုက်ပြီး မေမေရှိရာ အပေါ်ထပ်သို့ တက်ခဲ့သည်။

မေမေက ခင်မမျှော်လင့်ထားသလို သူ့အိပ်ခန်းထဲမှာမရှိ။ လေသာဆောင် ဝရန်တာကျယ်ကြီးမှာ တစ်ယောက်တည်းရပ်လျက် မိုးကောင်းကင်ကြီးကို ကလေးငယ်တစ်ယောက်လို ငေးမောကြည့်နေပုံက ခင်မ စိတ်ထဲမှာ စွဲစွဲမြဲမြဲကြီး ဖြစ်သွားသည်။

မိခင်ကြီးရှိရာသို့ ခင်မ လျှောက်လာခဲ့လိုက်သည်။ ခြေသံကြားသော်လည်း မေမေက လှည့်မကြည့်။ မေမေကြည့်သလို မိုးကောင်းကင်ကြီးကို ခင်မ လိုက်မော့ကြည့်လိုက်တော့ ဟိုအဝေးဆီမှ အိပ်တန်းပြန်လာသည့် ငှက်တစ်အုပ်ကို မြင်လိုက်ရသည်။

ဖြူလွလွ ကြည်စင်ပြာလဲ့သော မိုးကောင်းကင်ကို နောက်ခံဗဟိုပြုပြီး ပျံသန်းသွားသည့် ငှက်တွေက ချစ်စရာ။ သက်ရှိပန်းချီကား တစ်ချပ်နှယ် သက်ဝင်လှုပလွန်းပါဘိ။

"တစ်ယောက်တည်း ဘာတွေစဉ်းစားနေတာလဲ မေမေ"

"ဘာရယ်မဟုတ်ပါဘူးကွယ်၊ ဒီလိုပဲ လူတွေအကြောင်း လောကကြီး အကြောင်း ဟိုစဉ်းစား ဒီစဉ်းစားပေါ့"

"ကြည့်စမ်းပါဦးကွယ်၊ သဘာဝတရားကြီးက ဘယ်လောက်လှပ တင့်တယ်လိုက်သလဲဆိုတာ"

"မေမေ့စကားတွေက ခင်မစိတ်ထဲမှာ ထူးဆန်းနေသလိုပဲ၊ မေမေ ရင်ထဲမှာ ခံစားချက် တစ်ခုခု ရှိနေပြီထင်တယ် အဲဒါ ဖေဖေ့ကြောင့်များလားဟင်"

"ဟုတ်လား မေမေ"

ဖေဖေ့အကြောင်းကလွဲပြီး ဘယ်တုန်းကမှ လောကကြီးအကြောင်း သဘာဝတရားကြီးအကြောင်း စိတ်မဝင်စားဖူးသော မေမေ့ထံမှ ထူးထူးခြားခြား ထွက်ပေါ်လာသော စကားများ၏ ဆန်းကြယ်လှပုံကို ရိပ်စားမိစွာ ခင်မမေးလိုက်တော့ မေမေက ဘာမှမဖြေ။

အတော်လေးကြာမှ ...

"ဘာရယ်မဟုတ်ပါဘူးကွယ်၊ တစ်ယောက်တည်းဆိုတော့ တွေးမိတွေးရာပါ၊ ဒါနဲ့ မငြိမ်းနဲ့ သမီး တွေ့ပြီးပြီလား"

စကားလမ်းကြောင်း ဦးတည်ရာ ပြောင်းသွားမှန်းမသိပေမယ့် မေမေ ဖြေချင်သည့် စကားကို ခင်မ ဆက်မမေးလိုတော့ပါ။

"သူနဲ့ခင်မ မဆုံဖြစ်သေးပါဘူး မေမေ၊ မနေ့ကလည်း အိမ်ကိုပြန်မအိပ်ဘူးလို့ မသိန်းပြောတယ်၊ သူတို့ ညီမနှစ်ယောက်လည်း သိပ်အဆင်မပြေကြ

ဘူး ထင်တယ်၊ မသိန်းဆို မငြိမ်းကို စိတ်ဆိုးဒေါသဖြစ်နေတာ ခင်မကြားခဲ့ရတယ်"

"ဒီလိုပဲ ဖြစ်နေကြပါ၊ ပြီးတော့လည်း ညီမဆိုတော့ ပြန်တည့်သွားကြတာပါပဲ၊ အကောင်းဆုံးကတော့ သော်ကမြိုင်မှာ သမီးရှိနေသမျှ ဘယ်သူ့စကားကိုမှ အယုံမလွယ်လိုက်ပါနဲ့လို့ မေမေ ပြောချင်တယ်"

"ရှင်"

"သော်ကမြိုင်မှာ လူစုံနေတာ သမီးအမြင်ပဲလေ၊ သူတို့အချင်းချင်းလည်း တည့်ကြတာမဟုတ်ဘူး၊ တစ်ယောက်ကွယ်ရာမှာ တစ်ယောက်အကြောင်း မကောင်းပြောနေတဲ့အဖြစ်က ဒီမှာဘာမှမဆန်းတဲ့ ဖြစ်ရပ်မျိုးပါ"

"မေမေ့ သမီးလေးက ခဏတစ်ဖြုတ်လာတဲ့ ဧည့်သည်မို့ ဘယ်သူနဲ့မှ ပြဿနာမဖြစ်တာသာလျှင် အကောင်းဆုံး မဟုတ်လား"

မိခင်ကြီး၏ စကားက တည်ကြည်လေးနက်လှသလို သော်ကမြိုင် အိမ်ကြီးထဲမှာရှိနေသည့် လူတွေအားလုံး တစ်ယောက်တစ်မျိုး ရန်စောင်နေကြသည်မှာလည်း ခင်မကိုယ်တွေ့ မျက်မြင်မို့ မိခင်ကြီး၏ ပြောစကားကို ထောက်ခံခေါင်းညိတ်လိုက်သည်။

"ခင်မ နားလည်ပါတယ် မေမေ၊ ဖြစ်နိုင်ရင် မေမေ့ကို ဒီသော်ကမြိုင်အိမ်ကြီးထဲမှာ အခုလိုပုံစံနဲ့ တစ်ယောက်တည်း မထားခဲ့ချင်ပါဘူး၊ ခင်မနဲ့အတူ လိုက်ခဲ့ပါတော့လား မေမေရယ်နော်"

"မဖြစ်သေးပါဘူးကွယ်၊ ဒီအိမ်ကြီးရှိနေသ၍ မေမေဘယ်ကိုမှ မသွားနိုင်သေးပါဘူး၊ နေစရာမရှိလို့ လာနေပါရစေဆိုတာနဲ့ အားလုံးကို သနားပြီး လက်ခံထားတာ"

"အဲဒါလည်း သမီးဖေဖေမျက်နှာ တစ်ခုတည်းနဲ့ပဲလေ၊ မေမေ့နေရာမှာ

တခြားမိန်းမတစ်ယောက်ဆို ဘယ်ဒီလို သဘောထားကြီးနိုင်မှာလဲ၊ အားလုံးကို နှင်ထုတ်ပစ်လိုက်တာ ကြာလှပြီ"

မေမေပြောသည့် စကားအားလုံး မှန်ပေမယ့် ဒီတစ်ခါတော့ ခင်မကိုယ်တိုင် တစ်စုံတစ်ရာ မထောက်ခံမိဘဲ ရေငုံနှုတ်ဆိတ်နေမိသည်။ သော်ကမြိုင် အိမ်ကြီး၏ အရှင်သခင်မှာ ခင်မမိခင်ကြီး ဒေါ်တင်တင်ပိုင်ဆိုပေမယ့် ဖေဖေနှင့် လက်ထပ်ပြီးထဲက ဖေဖေ့သားတွေ ဆွေမျိုးတွေက မေမေ့အိမ်ကြီးပေါ် ရောက်လာကြကာ အကြောင်းပြချက် အမျိုးမျိုး နည်းမျိုးမျိုးဖြင့် စိုးမိုးခြယ်လှယ်ဖို့ ကြိုးစားခဲ့ကြသူတွေချည်း ဖြစ်ပါသည်။

ဟိုတုန်းက မေမေကိုယ်တိုင် နုနယ်ငယ်ရွယ်သူ ဖြစ်သည့်အတိုင်း ဖေဖေ့ကိုချစ်သည့်စိတ်ဖြင့် အားလုံးအပေါ်မှာ လိုက်လျောသည်းခံနေရင်း နောက်ဆုံး ခင်မ မေမေကိုပင် ဂရုမစိုက်တော့သည်မှာ အသားကျနေပြီဖြစ်သော သော်ကမြိုင်၏ မြင်ကွင်းတစ်ခုဆိုလည်း မမှားပါ။ အရှင်းဆုံး ဝန်ခံရမည်ဆိုလျှင် သော်ကမြိုင်ရှိ လူတွေ အားလုံး တစ်ယောက်တစ်မျိုးစီ လောဘဇောတက်ကာ၊ ထိုခြံနှင့် အိမ်ကြီးကို အပိုင်စီးလိုသည့်အထိ ဖြစ်နေကြသည်။

အခုနေ သော်ကမြိုင်က ဘယ်သူ့ကိုမှ ထိုအိမ်ကြီးမှာ မနေပါနှင့် ထွက်သွားပါဟုပြောလျှင်တောင် မည်သူမှ အလွယ်တကူ နာခံမည့်သူမရှိ။ သူတို့ကိုသူတို့ သော်ကမြိုင်တွင် နှစ်ပေါင်းများစွာ နေထိုင်လာကြသူတွေအဖြစ် ဤအိမ်ကြီးပေါ်က မဆင်းဘဲ ရသင့်ရထိုက်တာတွေ ရယူပိုင်ဆိုင်ပြီးမှ သွားကြမည့်သူတွေချည်းဖြစ်သည်။

အားလုံး၏ စိတ်ထဲမှာ သော်ကမြိုင်အိမ်ကြီးကို သူတို့အားလုံးနှင့် သက်ဆိုင်သော အမွေဆိုင်အိမ်ကြီးအဖြစ် သတ်မှတ်ထားခြင်းကို မေမေ့နည်းတူ ခင်မလည်း နားလည်သဘောပေါက်ထားသဖြင့် သော်ကမြိုင်အိမ်

ကြီးနှင့် ပတ်သက်သမျှ မေမေထင်သလောက် မလွယ်ကူကြောင်း တွေး မိသည်မှာလည်း ကြာပါပြီ။

မသိန်းနှင့် မငြိမ်းအမြွှာညီမက မေမေ့ဘက်မှ တော်စပ်ပတ်သက်သော ဆွေမျိုးများဖြစ်ကာ မေမေ့တူမ တစ်ဝမ်းကွဲများ ဖြစ်နေခြင်းကြောင့် မီးဖိုချောင်တစ်ခုလုံးနှင့် အိမ်ကြီးတစ်ခုလုံး တာဝန်ယူထားရသော မသိန်း တို့ အမြွှာနှစ်ယောက်ကို တော်ရုံနှင့် မည်သူမှ မကျော်လွှန်နိုင်ပါချေ။

မေမေ့အပေါ် ကျရောက်လာမည့် အန္တရာယ်မှန်သမျှကို ထိုအမြွှာက ကြံ့ကြံ့ခံ ကာကွယ်နေကြသူများအဖြစ် မေမေကလည်း ထိုအမြွှာကို ယုံကြည်အားကိုးထားသလို ခင်မ ကိုယ်တိုင်ကလည်း မသိန်းနှင့် မငြိမ်းရှိ နေသမျှ မေမေဘာမှမဖြစ်နိုင်ဟု ယုံကြည်ထားခဲ့သည်။

ဒါကြောင့်လည်း ခင်မ အလုပ်တာဝန်ကျရာ နေရာကို စိတ်ချလက်ချ သွားရောက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှာ ပြန်ပြီးတာဝန်ကျတော့ ဖေဖေရော မေမေပါ ခင်မနှင့်အတူ တစ်ပတ်အတူ လာနေကြပြီးနောက် ခရီးသွားဟန်လွှဲ ခင်မတိုက်ခန်းလေးကို ဝင်ရောက်လည်ပတ် နေထိုင်သည် မှလွှဲ၍ ကြာကြာနေလေ့ မရှိကြပါ။

သော်ကမြိုင်ကိုသာ ပြန်နေကြသဖြင့် ခင်မမှာ မေမေ့ကို သူမနှင့်အတူနေ ဖို့ ဘယ်တုန်းကမှ စည်းရုံးမရခဲ့ သူလည်းဖြစ်သည်။

"သမီးတိုက်ခန်းလေးက မဆိုးလှပေမယ့် တက်ရဆင်းရနဲ့ မလွယ်ပါဘူး ကွယ်၊ မေမေ့ ကျန်းမာရေးနဲ့လည်း မဖြစ်ပါဘူး၊ ဒီလိုပဲ မကြာ,မကြာလာနေ တာကိုပဲ ကျေနပ်ပါသမီးရယ်"

ဟု ဆိုခဲ့လေသော မိခင်ကြီးက သော်ကမြိုင်လို အိမ်ကြီးမျိုးထဲမှာသာ နေထိုင်ကြီးပြင်းခဲ့သူ ဖြစ်ပါသည်။ မေမေက ရှမ်းအမျိုးသမီး တစ်ဦးဖြစ်ပြီး ဖေဖေက မြန်မာလူမျိုး တစ်ယောက်ဖြစ်ရာ ခင်မမှာလည်း ရှမ်းဗမာ

ကပြားမလေးပီပီ ဖြူနုဝင်းဝါသော အသားအရေ မည်းနက်ရှည်လျားသော ဆံပင်များနှင့် မနိမ့်မမြင့် တင့်တင့်တယ်တယ် လှပသူလေး ဖြစ်လာခဲ့ရသူလေး ဖြစ်သည်။

ခင်မက မေမေနှင့် ဖေဖေတို့၏ တစ်ဦးတည်းသော သမီးလေးဖြစ်ကာ မိဘနှစ်ပါးနှင့်အတူ မနေနိုင်ဘဲ အလုပ်တာဝန်ဝတ္တရားဖြင့် မိဘများနှင့် အဝေးတစ်နေရာမှာ ရောက်နေသူဖြစ်သည်။

"အေးလေ ... ဒီအကြောင်းတွေ ပြောပြနေလို့လည်း မထူးပါဘူး၊ သော်ကမြိုင်နဲ့ ပတ်သက်ပြီး မေမေ့ကြောင့် သမီး စိတ်ညစ်နေမှာကိုပဲ စိုးရိမ်မိပါတယ်ကွယ်"

"မေမေ့ကြောင့် ခင်မဘယ်တုန်းကမှ စိတ်မညစ်ခဲ့ပါဘူး မေမေရယ်၊ သော်ကမြိုင်နဲ့ ကင်းကွာနေခဲ့တဲ့ နှစ်နှစ်ဆိုတဲ့ အချိန်အတွင်းမှာ ဒီအိမ်ကြီးထဲကလူတွေ တော်တော်ပြောင်းလဲသွားတာကိုလည်း ခင်မ ရိပ်မိပါတယ်"

"မတော်လောဘတွေ တက်နေကြတာပေါ့ကွယ်၊ သမီးဖေဖေ မျက်နှာကြောင့်သာပေါ့ မေမေသဘောအရဆိုရင် အားလုံးကို ရှေ့နေရှေ့ရပ်နဲ့ တိုင်ပင်ပြီး စီစဉ်ပစ်လိုက်တာ ကြာလှပြီ"

"အခုအခြေအနေကြမှာတော့ မထူးတော့ပါဘူး မေမေရယ်၊ တစ်သက်လုံးတောင် သည်းခံလာနိုင်ခဲ့ပြီပဲ၊ ဖေဖေ စိတ်ဆင်းရဲအောင် နောက်ထပ်ဘာမှ ပြောမနေပါနဲ့တော့နော်"

မေမေက ခင်မကို တစ်စုံတစ်ရာ ပြောမည့်ဟန်ပြင်ပြီးမှ ဘာမှဆက်မပြောတော့ဘဲ စကားဦးတည်ရာလမ်းကြောင်းကို လွှဲပြောင်းပစ်လိုက်ပါသည်။

"မနက်ဖြန် ... သမီးနဲ့မေမေ ဘုရားသွားကြမယ် ဟုတ်လား"

"မနက်စောစောသွားမှ ဖြစ်မယ် မေမေ၊ ကိုကိုတိုးက ခင်မကို သူတို့နဲ့ ပြင်ဦးလွင်ကို လိုက်ခဲ့ဖို့ခေါ်ထားလို့ မနက်ဖြန်ဆယ်နာရီ အတူသွားဖြစ်လိမ့်မယ်"

"ကိုတိုးနဲ့ဟုတ်လား"

"ဟုတ်တယ် မေမေ၊ စောစောက ဧည့်ခန်းမှာရှိနေတုန်း ကိုကိုတိုးကပြောတာ၊ ဖေဖေက လိုက်သွားဆိုတာ ခင်မလည်း မငြင်းတော့ဘဲ ခေါင်းညိတ်လိုက်တာ"

မေမေက ခင်မ မျက်နှာလှလှလေးကို စူးစိုက်ကြည့်လျက် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေပုံဖြင့် ငြိမ်နေသည်။ ခဏကြာမှ ...

"သမီးဖေဖေကိုယ်တိုင် သူ့သားနဲ့ လိုက်သွားဖို့ပြောတာ ဆိုတော့လည်း သမီး မငြင်းတာမှန်ပါတယ်၊ ဒါပေမဲ့ ပြင်ဦးလွင်ကို သမီးတစ်ယောက်တည်း လိုက်မသွားနဲ့၊ မသိန်းကိုပါခေါ်သွား"

"ဖြစ်ပါ့မလား မေမေရယ်၊ ကိုကိုတိုးမိန်းမ မကေသီနဲ့ မသိန်းက တည့်ကြတာမဟုတ်ဘူး"

"ကေသီရောလိုက်မှာတဲ့လား"

"ဖေဖေပြောတာလည်းလေ ... ခင်မလည်း သေချာမသိပါဘူး၊ ကိုယ့်အစ်ကိုနဲ့သွားတာပဲ မေမေရယ်၊ ဘာမှမဖြစ်ပါဘူး၊ ခင်မအတွက် မစိုးရိမ်ပါနဲ့"

စိုးရိမ်မကင်းဖြစ်နေသည့် မိခင်ကြီး၏လက်မောင်းပေါ်မှာ ခင်မ မျက်နှာလေးကို မှီနွဲ့ရင်းဆိုလိုက်တော့ မေမေက ခင်မဆံနွယ်လေးတွေကို သူ့လက်လေးများဖြင့် ညင်သာဖွဖွ သပ်တင်ပေးရှာပါသည်။

"မေမေ့ဘဝမှာ မြတ်နိုးတွယ်တာစရာဆိုလို့ ဒီသမီးလေးတစ်ယောက်ပဲရှိ

တာပါကွယ်၊ မေမေ မရှိတော့ရင် သော်ကမြိုင်အိမ်ကြီးကို သမီးလေး နာမည်နဲ့ပိုင်ဆိုင်ခွင့်ရအောင်လည်း ပေးခဲ့ရဦးမယ်"

"နိမိတ်မရှိတဲ့စကားတွေ မပြောပါနဲ့ မေမေရယ်၊ မေမေဆီက ဒီလိုစကား မျိုးတွေကြားရတာ ခင်မ ဝမ်းအနည်းဆုံးပဲ သိလား"

"ဩော် ... အသည်းနုရန်ကော မေမေ့သမီးရယ်"

မေမေက ခင်မကို အသည်းနုသူအဖြစ် အပြစ်တင်စကားဆိုပါသော်လည်း မေမေ့နှုတ်ခမ်းအစုံ ပြုံးနေတာကို ခင်မ မြင်ပါသည်။ တကယ်တော့ ခင်မ အသည်းနုရခြင်းက မေမေနှင့်တူလို့ပါဟုဆိုလျှင် ခင်မစကားကို မေမေ ကိုယ်တိုင် ငြင်းပယ်မည်မဟုတ်ဘဲ ကျေနပ်စွာ ပြုံးပြုံးကြီး လက်ခံလိုက်မှာ ကိုလည်း သိပြီးဖြစ်တဲ့အတွက် မေမေ့လက်မောင်းမှာသာ ခင်မ မျက်နှာ လေးကို မှောက်အိပ်လိုက်မိပါသည်။

***